www.free4reader.com

စနေနေ့တိုင်းထုတ်ဝေသည်

မိုးဟိန်း(သူရိယနေဝန်း)

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.99 WEEKLY NEWS JOURNAL 28,. May 2016

# 'ဝ' ဒေသ (သို့မဟုတ်) မြန်မာပိုင်နက်ထဲက တရုတ်ပြည်

ထောင်သူရဲဘအုပ်



မြန်မာသမ္မတဦးထင်ကျော်နှင့် ရုရှသမ္မတပူတင်



ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်သမ္မတရှီကျင်[illegible]



# စင်ကာပူထက် (၂၃) ဆပိုကြီးသော 'ဝ' ဒေသနှင့် ငြိမ်းချမ်းပြဿနာ

www.free4reader.com

# ဒီမိုကရေစီထောက်ခံသူတိုင်း သူရိယနေဝန်းဂျာနယ် ဖတ်ကြသည်

## ကျွဲရောင်စုံ ကျောဖုံးတွင် ကြော်ငြာ ထည့်လိုပါက ဖုန်း - ၀၉-၇၉၆၈၇၂၄၁၇













### မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမေရိကန်နိုင်ငံက ထောက်ခံကြောင်း ကယ်ရီပြောကြား



### ကမ္ဘာ့အသားအမည်းဆုံး အမျိုးသမီးတစ်ဦး












### 'ဦးဝင်း မိဘမဲ့မိသားစု'

တိုင်းရင်းသားပေါင်းစုံ
မိဘမဲ့ကလေး (၆၄) ယောက်အား
ထမင်းတစ်နပ်လျှင် ငါးသောင်းကျပ်နှုန်းဖြင့်
လှူဒါန်းနိုင်ပါသည်။

မေမယဝတီတိုးချဲ့ (ဂ) လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။
ဖုန်း - ၀၉၄၂၁၁၅၀၄၄၂၊ ၀၉၄၄၈၀၀၀၇၄၃










### မိဘမဲ့ကလေး
### စောင့်ရှောက်ရေးဂေဟာများနှင့် ပတ်သက်သော အချက်အလက်များ
### သူရိယနေဝန်းဂျာနယ်သို့ပေးပို့ပါက
### အခမဲ့ ကြော်ငြာ
### ထည့်ပေးပါမည်။

www.free4reader.com

# ဖော်လဂါမှ ဧရာဝတီသို့ (





**သူရိယနေဝန်းဂျာနယ်မှ စာရေးဆရာ ဆောင်းပါးရှင် မိုးဟိန်း (သူရိယနေဝန်း) အား တွေ့ဆုံမေးမြန်းခြင်း**

**မေး ။ ။ ဆရာ့အနေနဲ့ နိုင်ငံရေးနဲ့ ပတ်သတ်ပြီး ဆောင်းပါးတွေ ရေးသားနေတဲ့ စာရေးဆရာဖြစ်တာကြောင့် ကျွန်မတို့ မြန်မာပြည်ရဲ့ နိုင်ငံတော် သမ္မတ ဦးထင်ကျော်ရဲ့ ရုရှပြည်ကိုသွားတဲ့ ခရီးစဉ်နဲ့ ပတ်သတ်ပြီး ဘယ်လို ထင်မြင်သုံးသပ်သလဲ ဆိုတာသိချင်ပါတယ်။**

ဖြေ။ ။သမ္မတဦးထင်ကျော်ကနေ ပြည်ထောင်စုလွှတ်တော်မှာ ရုရှ-မြန်မာ စစ်ရေးပူးပေါင်းရေးဆိုင်ရာ သဘောတူညီချက်နဲ့ပတ်သက်ပြီးတော့ အဆိုပြု ပေးပို့လိုက်တဲ့နေ့ကပေါ့နော်။ ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်တစ်ခုလုံးမှာ ရုရှ-မြန်မာစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို ကန့်ကွက်သူမရှိဘူး။ အကုန်လုံးအတည်ပြုလိုက်တဲ့ သတင်းကို ကျွန်တော် ပြည်သူတွေနဲ့အတူ ကြားလိုက်ရတဲ့အချိန်မှာ ပထမတော့ ကျွန်တော် တော်တော်လေး အံ့သြသွားပါတယ်။

ဒီအချက်က အင်မတန်မှန်တဲ့ ဆုံးဖြတ်ချက် ဖြစ်တယ်လို့ ကျွန်တော်ယူဆတယ်။ အဲဒါကြောင့် အံ့သြသွားတယ်. . . ဒီလုပ်ရပ်ကြောင့် ဒါ အစိုးရသစ်တက်လာပြီးတော့ ရက်ပေါင်း (၆၀) အတွင်းမှာ တော်တော်ကြီးမားတဲ့ အပြောင်းအလဲတစ်ခုကို လုပ်ပြလိုက်တဲ့သဘောပါပဲ။

ဘာလို့လဲဆိုတော့ ရုရှစစ်တပ်နဲ့ မြန်မာစစ်တပ် စစ်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်နေတယ်လို့ ကျွန်တော်တို့ ကြားနေတာကတော့ ကျွန်တော်တို့ (၁၀) နှစ်မကတော့ဘူး။ ကြားနေတာ၊ စစ်တပ်ချင်း ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာ။

(၁၀)နှစ်ကျော် အနှစ် (၂၀) လောက်တောင် ရှိလိမ့်မယ်လို့ထင်တယ်။ ဦးသန်းရွှေလက်ထက်မှာ မြန်မာ့တပ်မတော်က အရာရှိငယ် အမြောက်အမြားကို ရုရှကိုလွှတ်ပြီးတော့ စစ်ဘက်ဆိုင်ရာ လက်နက်သင်တန်းတို့၊ ရိုးရိုးဘွဲ့တွေတောင်မကဘူး၊ ရုရှပြည်က မဟာဝိဇ္ဇာဘွဲ့ရထားတဲ့သူတွေတောင်ရှိလာပြီ။

မြန်မာ့တပ်မတော်ထဲမှာ အခုဆိုရင်ရုရှပြန်ပေါ့ဗျာ၊ ပြောရမယ်ဆိုရင်တော့ဗျာရုရှပြန်အရာရှိငယ်တွေဟာ ဆိုလို့ရှိရင် အခုဆို အတော်ကြီးကြီးအဆင့်လောက်တောင်ရောက်ကုန်ကြပါပြီ။

အဲဒီလို စစ်တပ်အရာရှိတွေ ရုရှမှာ စစ်ပညာသင်တယ်ဆိုတာတော့ ကြားတာ ကျွန်တော်တို့ ကြာပါပြီ၊ ရုရှပြန် စစ်အရာရှိတွေ အတော်များများရှိနေပြီဆိုတာ . . . ဒါကိုတော့ ကျွန်တော်တို့သိထားတယ်။

သို့သော် ပြည်သူက ရွေးချယ်လိုက်တဲ့ ပြည်သူ့အစိုးရတက်လာတဲ့ ရက်ပေါင်း (၆၀) အတွင်းမှာ ရုရှ-မြန်မာစစ်ဘက်ဆိုင်ရာ သဘောတူညီချက်၊ တစ်နည်းအားဖြင့် စစ်စာချုပ်ပေါ့ဗျာ။ ရုရှ-မြန်မာစစ်ရေးပူးပေါင်းတဲ့ စာချုပ်လို့ ပြောလို့ရပါတယ်။

ဒါကြောင့် ဒီဟာကိုလုပ်လိုက်တာဟာ အင်မတန်အံ့သြဖို့ ကောင်းတယ်။ အရင်တုန်းက စစ်တပ်ချင်းဆက်ဆံရေး၊ ရုရှတပ်မတော်နဲ့ မြန်မာ့တပ်မတော် ဆက်ဆံရေးပေါ့ဗျာ။ သွားနေတာတော့ကြာပြီ။ တော်တော်နီးနီးကပ်ကပ်ရှိတယ်။

မြန်မာ့တပ်မတော်အနေနဲ့ကလည်း သူအလွန်လိုအပ်တဲ့ စစ်လေယာဉ်တွေပေါ့နော်၊ စစ်ရဟတ်ယာဉ်တွေ၊ လက်နက်ကြီးတွေအမြောက်အမြားကိုရုရှကနေပဲဝယ်ယူတင်သွင်းထားတယ်ဆိုတာ ကျွန်တော်တို့သိထားတယ်။

ရုရှပြည်လုပ် MIG-29 တို့ ဘာတို့ အင်မတန်ခေတ်မီတဲ့ စစ်လေယာဉ်အုပ်စုတော်တော်များများ မြန်မာပြည်မှာရှိနေပြီ၊ နောက်ထပ်လည်း ရုရှတိုက်လေယာဉ်တော်တော်များများထပ်ရောက်လာဖို့ ရှိတယ်ဆိုတာလည်း ကျွန်တော်တို့ ကြားနေတယ်၊ ဘာပဲပြောပြော မြန်မာ့တပ်မတော်(လေ) တစ်ခုလုံးက နဂိုတုန်းက ဟိုးအရင်တုန်းက ဒါ ကျွန်တော်တို့ အင်္ဂလိပ်လက်ထက်က စစ်လက်ကျန် အင်္ဂလိပ်လက်ကျန် လေယာဉ်တွေသုံးတာရယ်၊နောက်ပြီးတော့ အမေရိကန် ဒါကိုတာလေယာဉ်တွေ သုံးခဲ့တယ်။

နောက်ပိုင်းမှာ ကျွန်တော်တို့ အမေရိကန် စီးပွားရေး ပိတ်ဆို့ခံရတဲ့ အချိန်ကျတော့ ဦးသန်းရွှေလက်ထက်မှာ တရုတ်ဘက်ကို လှည့်တယ်။ တရုတ်စစ်လက်နက်ကို ပြန်မှီခိုအားကိုးရတယ်၊ အဲဒီအချိန်မှာ တရုတ်လေယာဉ်တွေကို မြန်မာ့တပ်မတော်က ဝယ်သုံးရတဲ့ခေတ်ပေါ့။

ဦးသန်းရွှေလက်ထက်မှာ တရုတ်လေယာဉ်တွေ ပျက်ကျလို့ လေသူရဲတွေ အမြောက်အမြားသေဆုံးရတဲ့ သတင်းတွေကြားခဲ့ရပါတယ်၊ စစ်လေယာဉ်နဲ့ တရုတ်လေယာဉ်တွေ သုံးနေရတဲ့ဘဝကနေ ဒီဘက်ခေတ်ကျတော့ ရုရှ MIG-29 စတဲ့ တိုက်လေယာဉ်တွေသုံးလာတဲ့အခါကျတော့ အရှေ့တောင်အာရှမှာ မြန်မာ့တပ်မတော်(လေ)ဟာ တော်တော်လေးကို တောင့်တင်းတဲ့နိုင်ငံထဲမှာ စပါလာတော့တယ်။

ဒီ့မတိုင်ခင်တုန်းက အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်တို့၊ ထိုင်းနိုင်ငံတို့ရဲ့ လေတပ်တွေနဲ့ စာရင် မြန်မာ့ လေတပ်က အများကြီး နိမ့်နေတဲ့အပိုင်းမှာရှိခဲ့ပါတယ်။

အခုအနေအထားကတော့ မြန်မာစစ်တပ်ရဲ့ လေတပ်စွမ်းရည်က အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နဲ့ အိမ်နီးချင်းထိုင်းနိုင်ငံကို နင်လားငါလား ယှဉ်ပြိုင်ရင်ဆိုင်လို့ရတဲ့အထိ ရောက်နေတယ်လို့ ကျွန်တော်တို့ကြားရတယ်။ ဒါတွေ အကုန်လုံးက ရုရှလက်ချက်တွေပါ။

ဦးသန်းရွှေ တက်လာတဲ့ စစ်အစိုးရ နဝတ တက်လာတဲ့ ၁၉၈၈ နောက်ပိုင်းပေါ့နော်၊ ၁၉၉၂ မှာတော့ ဦးသန်းရွှေတက်လာတယ်ပေါ့၊ ဦးသန်းရွှေတက်လာတဲ့ နောက်ပိုင်းကာလမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ အမြောက်အမြား ဖြစ်လာတဲ့အတွက်ကြောင့် မြန်မာကို တစ်ကမ္ဘာလုံးက ဝိုင်းပြီးပိတ်ဆို့တဲ့အတွက်ကြောင့် အဓိက ကမ္ဘာကို လက်နက်တွေရောင်းနေတဲ့ နိုင်ငံတွေဖြစ်တဲ့ အမေရိကန်တို့၊ ပြင်သစ်တို့၊ အင်္ဂလန်တို့လို နိုင်ငံတွေကနေပြီးတော့ မြန်မာစစ်တပ်က လက်နက် ဘယ်လိုမှ ဝယ်လို့မရတော့ဘူး။

အဲဒီ ဒီမိုကရေစီနိုင်ငံတွေဟာ လက်နက်တို့ဘာတို့ ဆိုတာတွေ၊ ကျွန်တော်တို့ စီးပွားရေးကို ကြည့်ပြီးရောင်းတာတို့မဟုတ်တဲ့အတွက်ကြောင့်လူ့အခွင့်အရေးချိုးဖောက်တဲ့ မြန်မာပြည်ကို ဘယ်လိုမှ သူတို့ ခေတ်မီစစ်လေယာဉ်ပျံတွေ ရောင်းလို့၊ ရောင်းချင်တာတောင် ရောင်းလို့မရတဲ့ အနေအထားမှာရှိပါတယ်။

အမေရိကန်ဆိုလို့ရှိရင် ကမ္ဘာပေါ်မှာ စစ်လက်နက်အထုတ်လုပ်ဆုံး တင်ပို့တဲ့နိုင်ငံဖြစ်တယ်။ဒါပေမယ့်သူတို့နိုင်ငံရဲ့ စစ်လက်နက်တွေ၊ လေယာဉ်ပျံတွေကိုပို့မယ့်နိုင်ငံရဲ့ လူ့အခွင့်အရေး စံချိန်၊ စံညွှန်း၊ ဒီမိုကရေစီစံချိန်စံညွှန်းတွေကို ကြည့်ပြီးတော့မှ ကွန်ဂရက်လွှတ်တော်ရဲ့ သဘောတူညီချက်ရမှပဲ အမေရိကန်အစိုးရက သူ့ရဲ့ လေယာဉ်ပျံတွေ၊ စစ်လက်နက်တွေ ရောင်းခွင့်ရှိပါတယ်။

အဲဒီအထဲမှာ မြန်မာက အမေရိကန်တွေ စံချိန်စံညွှန်းနဲ့ကြည့်တဲ့အခါမှာ မြန်မာပြည်ဟာ အမေရိကန် စစ်လက်နက်ရောင်းလို့ရတဲ့အထဲမှာ မပါဘူး။ နှစ်ပေါင်းများစွာဖြစ်နေတာ ကြာပြီ၊ ပြောရလို့ရှိရင် ဦးနု ဒီမိုကရေစီအစိုးရလက်ထက် နောက်ပိုင်းကတည်းက ဦးနေဝင်းအစိုးရ လက်ထက် (၂၆)နှစ်၊ ဦးသန်းရွှေ နှစ်ပေါင်း (၂၀)၊ နှစ်ပေါင်း (၄၀) ကျော် (၅၀) နီးပါးမှာ အမေရိကန်လက်နက်ကို မြန်မာက တရားဝင်ဝယ်လို့မရခဲ့တာနှစ်ပေါင်း (၅၀) နီးပါး ရှိနေပါပြီ။

မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့မူးယစ်ဆေးဝါးဆိုတဲ့ ခေါင်းစဉ်အောက်မှာ မူးယစ်ဆေးဝါး ဘိန်းခင်းတွေ ဖျက်ဖို့ဘိန်းခင်းတွေ နှိမ်နင်းဖို့ဆိုတဲ့အကြောင်းပြချက်နဲ့ ဦးနေဝင်းလက်ထက်က အမေရိကန်က မြန်မာအစိုးရကို Bell ရဟတ်ယာဉ်အစီးတော်တော်များများကို လက်ဆောင်ပေးခဲ့တယ်။

အဲဒါတော့ ခြွင်းချက်ရှိတယ်၊ ဒါအမေရိကန်အစိုးရက လက်နက်ရောင်းတဲ့ ဥပဒေနဲ့ရောင်းတာမဟုတ်ဘူး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထောက်အကူပြုပေးခဲ့တာတော့ရှိတယ်။

ဒါကလွဲလို့ အမေရိကန်လေယာဉ်တွေ မြန်မာပြည်ကို ရောက်မလာတာ နှစ်ပေါင်း (၅၀) ကျော်ပြီ။ ဒါကြောင့် မြန်မာက . . . မြန်မာစစ်တပ်အနေနဲ့ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နဲ့ ထိုင်းနိုင်ငံတွေနဲ့ စစ်အင်အားကို ယှဉ်ဖို့ရာ ရွေးစရာလမ်းက အမေရိကန်ဆီက မရတဲ့အတွက်ကြောင့် ရုရှဆီကဝယ်မလား၊ တရုတ်ဆီက ဝယ်မလား၊ ဒါမှမဟုတ် တခြားနိုင်ငံတွေဆီက ဝယ်မလားဆိုတာရှိတော့တယ်။

အဲဒါကြောင့် ဦးသန်းရွှေလက်ထက်မှာ အဲဒီအကျပ်အတည်းဖြစ်နေတဲ့ကာလမှာတုန်းက ခရိုနီကြီးတချို့က သူတို့ကပွဲစားအဖြစ်ကြားကတစ်ဆင့် စင်ကာပူနိုင်ငံကနေပွဲစားလုပ်ပြီးတော့ ရုရှ ဖက်ဒရေးရှင်းက ခွဲထွက်သွားခဲ့တဲ့ နိုင်ငံဟောင်းတွေဆီကနေပြီးတော့ ရုရှစစ်လက်နက်ပစ္စည်းတွေနဲ့ ရဟတ်ယာဉ်တွေ၊ လေယာဉ်တွေကိုမြန်မာနိုင်ငံ စစ်တပ်ကို ပွဲစားလုပ်ပြီး တစ်ဆင့်ခံသွင်းခဲ့တယ်။ အဲဒီအချိန်မှာ စီးပွားရေးအကြီးအကျယ် ချမ်းသာသွားတဲ့ ခရိုနီကြီးတွေရှိတယ်၊ ခရိုနီတွေ တစ်ဆင့်ခံတွေနဲ့ဝယ်ခဲ့ရတာမျိုးရှိတယ်။

အခုတော့ဒီဘက်ခေတ်ကျတော့မြန်မာ့တပ်မတော်နဲ့ရုရှစစ်တပ်ဆက်ဆံရေးကကောင်းလာတဲ့အခါကျတော့ တရားဝင် စစ်လက်နက်တွေ ဝယ်ခွင့်ရလာတဲ့အခါကျတော့ တိုက်ရိုက်ဝယ်လို့ရသွားတယ်။

ရုရှလက်နက်ကို မြန်မာက အားထားနေရသလို၊ ရုရှကလည်း လက်နက်တင်ပို့ရောင်းချနေတဲ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံဟာရုရှလက်နက်ဈေးကွက်ရဲ့ အစိတ်အပိုင်းငယ်တစ်ခုဖြစ်လာတယ်။

ဒါ နှစ်နိုင်ငံရဲ့ အကျိုးစီးပွားပါ။ ဘာကြောင့်လဲဆိုတော့ ရုရှဟာ သူ့ရဲ့အဓိက နိုင်ငံခြားဝင်ငွေဟာ နံပါတ်(၁)က ရေနံနဲ့သဘာဝဓာတ်ငွေ့ကရပါတယ်၊ ရေနံနဲ့သဘာဝဓာတ်ငွေ့နဲ့ပတ်သက်ပြီး အရှေ့ဥရောပတိုက်တစ်ခုလုံးက ရုရှနဲ့ရုရှနိုင်ငံရဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့အပေါ် မှီခိုနေရတာပါ။

ရုရှက ရေနံနဲ့ သဘာဝဓာတ်ငွေ့ကနေ အဓိက ဝင်ငွေရတယ်။ ရုရှရဲ့ ဒုတိယအကြီးဆုံးနိုင်ငံခြား ဝင်ငွေ

## မိုးဟိန်း (သူရိယနေဝ

ကတော့ လက်နက်တင်ပို့ခြင်းပါပဲ။

တစ်ကမ္ဘာလုံးကနိုင်ငံတွေအပေါ် ရုရှလက်နက်တင်ပို့မှုဟာ အမေရိကန်ပြီးရင် ဒုတိယအကြီးဆုံး ဖြစ်တယ်၊ အဲဒီတော့ဘာပဲပြောပြောမြန်မာနိုင်ငံလက်နက်ဈေးကွက်ကရုရှနိုင်ငံအတွက်အကြီးကြီးမဟုတ်ဘူးဆိုပေမယ့်ဖောက်သည်နိုင်ငံလိုဖြစ်နေတဲ့ အနေအထားမျိုးရှိပါတယ်။

ကျန်တဲ့ စီးပွားရေးဆိုင်ရာ ကိစ္စတွေမှာကျတော့ ကျွန်တော့်စိတ်ထဲမှာတော့ သိပ်ကြီးကြီးကျယ်ကျယ်တော့ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်မထားဘူး။

သမ္မတဦးထင်ကျော်လက်ထက်မှာ ရုရှသွားတာနဲ့ပတ်သက်ပြီးတော့ သမ္မတဦးထင်ကျော်ဆိုတာက ဘာပဲပြောပြော ပါတီဥက္ကဋ္ဌက ဒေါ်အောင်ဆန်းစုကြည်ပါ။ အာဏာရပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးထင်ကျော်တို့တိုင်ပင်ပြီးတော့ဒေါ်အောင်ဆန်းစုကြည်သဘောတူညီလို့သာ သေချာအကွက်ချထားတဲ့မဟာဗျူဟာတစ်ခုအရသာသမ္မတဦးထင်ကျော်ကရုရှကိုသွားတာဖြစ်တယ်လို့ ကျွန်တော်က ဒီလိုပဲနားလည်ထားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ဒေါ်အောင်ဆန်းစုကြည်ဟာ သူ အတိုက်အခံဘဝ နိုင်ငံရေး အကျဉ်းသားဘဝတစ်လျှောက်လုံးမှာနေရတဲ့ဘဝမှာသူအစိုးရဖြစ်လာရင်ဘယ်နိုင်ငံနဲ့ပေါင်းမယ်ဆိုတာစဉ်းစားထားပြီးသားဖြစ်ပုံရတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးသိပ္ပံဘာသာရပ် မဟာဝိဇ္ဇာဘွဲ့ကို အောက်စဖို့ဒ်တက္ကသိုလ်ကရခဲ့တဲ့ ပညာတတ်တစ်ဦးဖြစ်ခဲ့တဲ့အတွက်ကြောင့် မဟာဗျူဟာနိုင်ငံရေးကိုနားလည်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ အိမ်နီးချင်းတရုတ်နိုင်ငံရဲ့ အရေးပါမှုကိုသိထားသလို သူ့နောက်က အမေရိကန်၊အင်္ဂလန်စတဲ့ ဒီမိုကရေစီနိုင်ငံတွေရဲ့အဓိကပိုင်းဆိုင်ရာ ကူညီပေးခဲ့တဲ့ ကျေးဇူးတရားကိုသူနားလည်တယ်။

သို့သော် သူဟာ လက်တွေ့သမားပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာ လက်တွေ့သမားပါ၊ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားအရ အိမ်နီးချင်း တရုတ်နဲ့ အိမ်နီးချင်း အိန္ဒိယကို မကြည့်ဘဲနဲ့ ဘယ်လိုမှ ရပ်လို့ မရဘူးဆိုတာ သူကောင်းကောင်းကြီးသိပါတယ်၊ ဒီမိုကရေစီအရေးတော်ပုံကြီးကို အဓိကထောက်ခံခဲ့တဲ့ အမေရိကန်အပါအဝင်ဒီမိုကရေစီနိုင်ငံတွေနဲ့ဘယ်တော့မှလက်တွဲဖြုတ်လို့မရဘူးဆိုတာလည်းဒေါ်အောင်ဆန်းစုကြည်သိပါတယ်။

အဲဒီလို အကျပ်အတည်းပေါ့နော်. . . အမေရိကန်၊ အိန္ဒိယနဲ့တရုတ်ကြားမှာ အကျပ်အတည်းဖြစ်နေတဲ့ဟာ

www.free4reader.com

စနေနေ့တိုင်းထုတ်ဝေသည်

မိုးဟိန်း(သူရိယနေဝန်း)

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.99 WEEKLY NEWS JOURNAL 28, May 2016

# ဗော်လဂါမှ ဧရာဝတီသို့ (သို့မဟုတ်) ရုရှဝက်ဝံ၏အရွေ့









# မိုးဟိန်း (သူရိယနေဝန်း) နှင့် အင်တာဗျူး

www.free4reader.com

# ဒီမိုကရေစီ ထောက်ခံသူတိုင်း
# သူရိယနေဝန်းဂျာနယ် ဖတ်ကြသည်

ဤရောင်စုံနောက်ကျောဖုံးတွင် ကြော်ငြာထည့်လိုပါက ဖုန်း - ၀၉-၇၉၆၈၇၂၄၁၇



နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီတို့သတင်းစာရှင်းလင်း ၂၂-၅-၂၀၁၆



မြို့တော်ခန်းမရှေ့ မိုးရွာပြီးမြင်ကွင်း



မြန်မာမိန်းကလေး (၃) ဦးအား တရုတ်အမျိုးသားနှင့်လက်ထပ်ရန် ဖြားယောင်းသိမ်းသွင်းခံရ



ဆိုင်ကလုံးမုန်တိုင်းရွှန်နူ ဘင်္ဂလားဒေ့ရှ်တွင်တိုက်ခိုက်



ထိုင်းနိုင်ငံ၊ ဆမွတ်ပရာခန်ခရိုင်၊ ဘန်ပူအရပ်ဒီမိကရာတစ်ခုတွင် ကားအတွင်းအလုံပိတ်မိခဲ့သည့် (၃) နှစ်သမီး အပူဒဏ်ကြောင့်အသက်ရှူမွန်းပြီးသေဆုံး



သထုံကပြည်နယ်အမတ် ဒေါ်ခိုင်ခိုင်လွဲနှင့်ပြည်သူ့ရဲများ ယာဉ်စည်းကမ်းပညာပေးနေပုံ ဆိုင်ကယ်ဦးထုပ်အလုံး (၂၀) မဲဖောက်ပေး



အခမဲ့နာရေးကူညီမှုအသင်း

အသက်ကယ်အရေးပေါ်ကား ၀၉-၄၂၁၁၀၉၅၆၆



ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ မြန်မာတောင်တက်သမားနှစ်ဦး အောင်မြင်စွာတက်ရောက်ပြီး ဘေးအန္တရာယ်ကင်းစွာပြန်လည်ဆင်းသက်လာနိုင်ခဲ့






ရန်ကုန်မြို့ပြ မှုခင်းဖြစ်ပွားခြင်း (သို့) ကျူးလွန်ရန်ကြံစည်ခြင်း၊ ဖြစ်ခဲ့လျှင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ လှည့်ကင်းယာဉ်များသို့ဖုန်းဆက်ပါ။ ဖုန်း – ၀၁ – ၂၃၁၇၅၂၆၊ ၀၁ – ၂၃၁၇၅၂၇

## သင်...သွေးလိုပါလျှင်

| | |
|---|---|
| ပုညကုသလ ဗဟုကရ | ၂၁၆ ၆၇၅ |
| မြတ်မေတ္တာအဖွဲ့ | ၀၉ ၅၁၂ ၂၀၈၈ |
| သာဓုကျောင်းတိုက် | ၅၁၀ ၅၆၆ |
| ရှိုင်းဟုတ် လူမှုအရေးအဖွဲ့ | ၅၁၄ ၇၈၆ |
| သွေးမေတ္တာအဖွဲ့ | ၀၉ ၅၅၄ ၉၄၃၄ |
| ရင်ခုန်သံအဖွဲ့ | ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂ |
| လင်းလက် | ၀၉ ၅၀၂ ၆၀၉၇ |
| ဓမ္မရောင်ခြည် | ၃၇၀ ၈၀၀ လိုင်းခွဲ ၃၄၆ |
| ဒါနဥပပါရမီသွေးအလှူရှင်အဖွဲ့ | ၀၉ ၅၀၀ ၄၆၆၅၊ ၀၉ ၅၁၃ ၉၇၁၃ |
| HIV Free Blood Pool | ၃၈၈ ၀၂၀ |



ဘုဂျဂကမပြီး (၃၈) နှစ်တိုင်တိုင် လက်တစ်ဖက်မြှောက်ခဲ့ ယခုဆိုလျှင် အဆိုပါလက်မှာ လှုပ်ရှား၍မရတော့

## သူရိယနေဝန်းဂျာနယ်ထုတ်ဝေရခြင်းအခြေခံမူ (၅) ချက်



(၁) ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်

(၂) မြန်မာပြည်သူလူထုအားလုံး လက်ခံယုံကြည်အားကိုးသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်စေရန်

(၃) မတရားသော အခွင့်အရေးများရယူ၍ ကြီးပွားလာသော ခရိုနီများနှင့် ခရိုနီစနစ်ဆိုးကို ပြည်သူနှင့်လက်တွဲ၍ အမြစ်ဖြုတ်ရန်

(၄) တရားမျှတသော၊ လွတ်လပ်သော ရွေးကောက်ပွဲကျင်းပနိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံးထောက်ခံသော အစိုးရအဖွဲ့နှင့် လွှတ်တော်ပေါ်ပေါက် လာစေရန်

(၅) မြန်မာပြည်တွင် အာဏာရှင်စနစ် လုံးဝချုပ်ငြိမ်းပျောက်ကွယ်သွားစေရန်။

www.free4reader.com

စနေနေ့တိုင်းထုတ်ဝေသည်

မိုးဟိန်း(သူရိယနေဝန်း)

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.99 WEEKLY NEWS JOURNAL 28, May 2016

## မြောက်ကိုရီးယားမှ လွတ်မြောက်ခြင်းခရီး (သို့မဟုတ်) ရှင်သန်ခွင့် (အပိုင်း-၂)

စိန်ဝင်းစိန်




## အန္တရာယ်ရှိသော အတိတ်မှတ်တမ်း

www.free4reader.com

# မြောက်ကိုရီးယားမှ လွတ်မြောက်ခြင်း





ကင်ဂျုံအွန်နှင့်ဇနီးတို့အား မြောက်ကိုရီးယား




အသက် (၁၃) နှစ် အရွယ်က မြောက်ကိုရီးယားမှ

## အပိုင်း(၂)

### အန္တရာယ်ရှိသော အတိတ်မှတ်တမ်း

တောင်ကိုရီးယား သို့မဟုတ် အမေရိကန်ပြည်ထောင်စုမှာသာ ကျွန်မအဖေ လူလားမြောက်လျှင် မိလ္လိနာတစ်ယောက်ဖြစ်လာလိမ့်မည်ဟု ကျွန်မထင်ပါသည်၊

သို့သော် သူသည် မိသားစု အဆက်အစပ်နှင့် ပါတီသစ္စာခံမှုတို့သာ အဓိကကျသည့်၊ ထို့ပြင် ရှင်သန်ခွင့်ရရန်အလို့ငှာ အစဉ်တစိုက်ကျားကုတ်ကျားခဲကြိုးပမ်းနေရသည့် မြောက်ကိုရီးယားတွင် အဖေလူလားမြောက်ခဲ့ရ၊

၁၉၅၂ မတ် ၄၊ ကျွန်မအဖေ ပတ်ဂျင်ဆစ်ကို ဟမ့်ဟန်းစက်မှုဆိပ်ကမ်းမြို့တွင် နိုင်ငံရေးအဆက်အသွယ်ကောင်းရှိသည့် စစ်တပ်မိသားစုတစ်ခုမှမွေးဖွားသည်၊ ထို့ကြောင့် အဖေ့ဘဝတွင် အခွင့်အလမ်း ကြီးကြီးမားမားရခဲ့ပါလိမ့်မည်၊ အကြောင်းမှာ မြောက်ကိုရီးယားတွင် အခွင့်အလမ်းဟူသမျှကို မျိုးရိုး သို့မဟုတ် ဆောင်ဘန်ဖြင့် ဆုံးဖြတ်သောကြောင့်ပါ၊

ဒုတိယကမ္ဘာစစ်အပြီး ကင်အီဆွန်း အာဏာရလာသောအခါ အစဉ်အလာ မြေရှင်ပဒေသရာဇ်စနစ်ကို မြေလှန်ပစ်လိုက်၏၊ ပြည်သူတို့အကြောင်းကို လွန်ခဲ့သော မျိုးဆက်များအထိ နောက်ကြောင်းပြန်လိုက်၏၊ ဆောင်ဘန်စနစ်တွင် လူတိုင်းကို အစိုးရအား သစ္စာရှိမှုအပေါ် အခြေခံ၍ အဆင့်အတန်းသုံးမျိုးသုံးစား ခွဲခြားထားလေသည်၊

**အမြင့်ဆုံးအဆင့်အတန်း** မှာ အဓိကအချက်အချာကျသည့် အဆင့်အတန်း၊၊ ယင်းတွင် မြောက်ပိုင်းအတွက် တိုက်ခိုက်သည့် သို့မဟုတ် အသက်စွန့်သည့် ဂုဏ်ပြုအပ်သော တော်လှန်ရေးသမားများနှင့် ကင်မိသားစုကို သစ္စာရှိကြောင်း ပြသူများ ပါဝင်သည်၊

**ဒုတိယအဆင့်အတန်း**မှာ အခြေခံ သို့မဟုတ် ယိမ်းယိုင်တွေဝေသော လူတန်းစား၊ ယင်းတွင် တစ်ခါက တောင်ပိုင်းတွင် နေထိုင်ခဲ့ဖူးသူ သို့မဟုတ် တောင်ပိုင်းတွင် မိသားစုရှိသူများပါဝင်သည်၊

**အောက်ဆုံးအဆင့်အတန်း** မှာ ရန်သူ လူတန်းစား၊ မြေရှင်ဟောင်းများနှင့် သူတို့၏ အဆက်အနွယ်များ၊ အရင်းရှင်များ၊ တောင်ကိုရီးယား စစ်သားဟောင်းများ၊ ခရစ်ယာန်များနှင့်အခြားဘာသာဝင်များ၊ နိုင်ငံရေးအကျဉ်းသားတို့၏ မိသားစုများ ပါဝင်၏၊

ပိုမိုမြင့်မားသော ဆောင်ဘန်တစ်ခုသို့ ရွှေ့ပြောင်းဖို့ အတိုင်းထက်အလွန်ခက်ခဲပါသည်၊ သို့သော် ကိုယ့်မှာ အပြစ်မရှိဘဲ အောက်အဆင့်များသို့ လျှောကျဖို့ကား လွယ်ကူလှ၏၊ ကျွန်မ၏ အဖေနှင့် သူ့မိသားစု အပြစ်ကို ထောက်၍ ပြောရလျှင် ဆောင်ဘန်အဆင့်ကျသွားသည်နှင့် တစ်ပြိုင်နက် အရာရာဆုံးရှုံးပြီဟုသာ မှတ်ကြပါတော့၊

ကျွန်မ အဖေ၏ ဖခင် ပတ်ချန်ဂျုသည် ဟီဆန်အနီး ကျေးလက်ပိုင်းတွင် လူလားမြောက်ခဲ့သူဖြစ်၏၊

ထိုအချိန်က ကိုရီးယားသည် ဂျပန် ကိုလိုနီတစ်ခုပါ၊ နှစ်ပေါင်း လေးထောင်ကျော်တိုင်တိုင် ကိုရီးယားလူမျိုး တစ်မျိုးတည်းသာရှိခဲ့သော်လည်း ကိုရီးယားတိုင်းပြည်များကား အမျိုးမျိုးအပြားပြားပါ၊ 'နံနက်ခင်းတိုင်းပြည်' ဟု အဓိပ္ပာယ်ရသည့် ချိုဆန်မင်းနေပြည်နှင့်အတူ (၂၃၃၃) ဘီစီတွင် ကျွန်မတို့ သမိုင်း စတင်ခဲ့သည်ဟု ဒဏ္ဍာရီကဆိုသည်၊

ချိုဆန်မှာ နှလုံးစိတ်ဝမ်းအေးချမ်းဖွယ် အမည်ဖြစ်စေကာမူ ကျွန်မ၏ မွေးရပ်မြေသည် ငြိမ်းချမ်းနိုင်ခဲဘိခြင်းပါ၊ ကိုရီးယား ကျွန်းဆွယ်က အင်ပါယာကြီးများ၏ လမ်းဆုံလမ်းခွတွင် တည်ရှိပြီး ရာစုနှစ်ပေါင်းများစွာ အတွင်း မန်ချူးရီးယားနှင့် မွန်ဂိုလီးယားတို့မှ ကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ခဲ့ရ၊ ထို့နောက် နှစ်ဆယ်ရာစုစောစောပိုင်းတွင်ထိုးချဲ့လာသည့်ဂျပန်အင်ပါယာက ခြိမ်းခြောက်မှုများနှင့် စာချုပ်များကို အသုံးပြု၍ ကိုရီးယားကို တဖြည်းဖြည်း သိမ်းသွင်းလာခဲ့ရာမှ(၁၉၁၀)တွင် တစ်နိုင်ငံလုံးကို သိမ်းပိုက်လိုက်တော့၏၊

ထိုအချိန်သည် မြောက်ကိုရီးယား၏ ပထမဆုံး ခေါင်းဆောင်ကြီး ကင်အီဆွန်း မမွေးဖွားမီနှစ်နှစ်၊ ကျွန်မ၏ အဘိုးပတ်မမွေးဖွားမီ (၁၁) နှစ်၊

ဂျပန်များသည် အာဏာရှင်ဆန်သော ကိုလိုနီအုပ်ချုပ်သူများ၊ ကိုရီးယားယဉ်ကျေးမှုကို ဖျက်ဆီးပစ်ဖို့ ကြိုးစားသူများ၊ ကျွန်မတို့ကို ကိုယ့်တိုင်းပြည်ထဲမှာပင် ဒုတိယတန်းစား နိုင်ငံသားများ အဖြစ်သို့ ရောက်အောင် ပြောင်းလဲပစ်ကြသူများ၊ သူတို့က ကိုရီးယားဘာသာစကားကို တရားမဝင်ကြောင်းကြေညာပြီး ကျွန်မတို့၏ ယာခင်းများနှင့် လုပ်ငန်းများကို မတရားသိမ်းယူကြ၊ ဤတွင် ဂျပန်တို့အပေါ် အမျိုးသား တော်လှန်ရေး စိတ်ဓာတ်ကို မီးမွှေးပေးလိုက်သလိုရှိပြီး ရက်ရက်စက်စက်ဖိနှိပ်မှုနှင့် ကြုံရပြန်၏၊

ကိုရီးယား အများအပြားလိုပင် ကင်အီဆွန်း၏ မိဘများသည်လည်း မိသားစုအလိုက် မြောက်ဘက်နယ်စပ်ကို ဖြတ်ကျော်ကာ ထိုအချိန်ကတရုတ်အင်ပါယာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် မန်ချူးရီးယားသို့ ရွှေ့ပြောင်းလာခဲ့ကြသည်၊

၁၉၃၀ ပြည့်လွန်နှစ်များ၏ စောစောပိုင်းတွင် မန်ချူးရီးယားကို ဂျပန်တို့ ကျူးကျော်ပြီးနောက် ကျွန်မတို့၏ အနာဂတ်ခေါင်းဆောင်ကြီးသည် ဂျပန်တို့ကို တိုက်ခိုက်လျက်ရှိသည့် ပြောက်ကျားများအဖွဲ့ တစ်ဖွဲ့ထဲသို့ ဝင်လိုက်သည်၊

သို့သော် ဒုတိယကမ္ဘာစစ်အစတွင် ကင်အီဆွန်းသည် ဆိုဗီယက်တပ်မတော်ထဲသို့ဝင်ပြီး (နောက်ပိုင်းတွင် ကျွန်မသိလာရသည့်အတိုင်းပြောရလျှင်) ဂျပန်တို့အား တစ်ကိုယ်တော်လောက်နီးနီး ခုခံခဲ့သည် ဆိုသည့် မြောက်ကိုရီးယားဝါဒ ဖြန့်သလိုမဟုတ်ဘဲ စစ်စခန်းတစ်ခုတွင် ယောင်သုံးဆယ်လုပ်နေခဲ့သတဲ့၊

ကျွန်မ ကြီးပြင်းလာချိန်တွင် ထိုကာလ အတွင်း ကျွန်မတို့ မိသားစု ဘာတွေ လုပ်ခဲ့သည်ကို မပြောပြပါ၊ မြောက်ကိုရီးယားတွင် မည်သည့်အတိတ်မှတ်တမ်းမဆို အန္တရာယ်ရှိ၏၊ အဖေ့ဘက်က မိသားစုအကြောင်း ကျွန်မ သိလာရသည်မှာ အဖေက အမေ့ကို ပြောပြသည့် အကြောင်းများထဲမှ သိလာခြင်းဖြစ်သည်၊

ဒုတိယကမ္ဘာစစ် ဖြစ်ပွားချိန်တွင် အဘိုးပတ်က ဟီဆန် အုပ်ချုပ်ရေးရုံး သို့မဟုတ် မြို့တော်ခန်းမ၏ ဘဏ္ဍာရေးဌာနတွင် ဂျပန်မန်နေဂျာများအတွက်အလုပ်လုပ်နေပါသည်၊ အဲဒီမှာ မြို့တော်ခန်းမတွင် အလုပ်လုပ်နေသည့်သူ့ဇနီးလောင်းဂျန်ဟီဆွန်းနှင့်ရစေ့ဆုံခြင်းပါ၊

သူမတွင် မိဘနှစ်ပါးမရှိတော့၊ အခေါ်လုပ်သူက ကျွေးမွေးသုတ်သင်လာခဲ့ရ၊ ကျွန်မ၏ အဘိုးနှင့် မတွေ့မီက သူမဘဝသည် ပင်ပင်ပန်းပန်း ဆင်းတောင့်ဆင်းရဲပါ၊ ကိုရီးယားစုံတွဲ အများစု၏ အာဝါဟ ဝိဝါဟကိစ္စကို နှစ်ဖက်မိဘများက စီစဉ်ပေးခြင်းဖြစ်သော်လည်း အဘိုးနှင့်အဘွား၏အိမ်ထောင်ရေးမှာ သူတို့သဘောကျ စီစဉ်ခြင်းဖြစ်တယ်၊ အဘိုးသည် မြို့ပြဝန်ထမ်းအလုပ်ကို ဒုတိယကမ္ဘာစစ်တစ်လျှောက်လုံး လုပ်ခဲ့၏၊

(၁၉၄၅) ဩဂုတ် ၁၅ တွင် ဂျပန်လက်နက်ချပြီး နောက် ကိုရီးယားမြောက်ပိုင်းသို့ ဆိုဗီယက်စစ်တပ်က ဝင်သိမ်းပြီး တောင်ပိုင်းကို အမေရိကန်စစ်တပ်ကတာဝန်ယူသည်၊

ဤအခြေအနေသည်နောင်နှစ်ပေါင်းခုနစ်ဆယ်ကျော်ကြာသည်အထိကျွန်မ၏တိုင်းပြည်ကိုမချိတင်ကဲဝေဒနာခံစားစေခဲ့၊ ခုံသမာဓိအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် (၃၈-မျဉ်းပြိုင်) တစ်လျှောက်တွင် မျဉ်းကြောင်းဆွဲလိုက်ရာ ကိုရီးယားကျွန်းဆွယ်သည်မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားဟူ၍ နှစ်ခြမ်းကွဲသွားလေသည်၊

အမေရိကန်ပြည်ထောင်စုက ပြည်နှင်ဒဏ်ခံနေရသူ **ဆင်ဂမန်ရီ** အမည်ရှိ ကွန်မြူနစ်ဆန့်ကျင်ရေးသမားတစ်ယောက်ကို ဆိုးလ်သို့ပြန်ခေါ်ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် အာဏာအပ်နှင်းလိုက်၏၊ မြောက်ပိုင်းတွင် ဆိုဗီယက်မေဂျာတစ်ဦးဖြစ်နေသည့် **ကင်အီဆွန်း** သည် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (DPRK)၏ ခေါင်းဆောင်အဖြစ် ရာထူးအပ်နှင်းခြင်းခံရသည်၊

ဆိုဗီယက်သည် မြောက်ကိုရီးယားစစ်တပ် တည်ထောင်ရန် လူများ အလျှင်အမြန် စုဆောင်းသည်၊ ကျွန်မ၏ အဘိုးကို မြို့တော်ခန်းမ အလုပ်မှ ခေါ်ထုတ်သွားပြီး ပြည်သူ့တပ်မတော်တွင် အရာရှိတစ်ယောက် အဖြစ် အမှုထမ်းစေသည်၊

(၁၉၄၉) သို့ ရောက်ချိန်တွင် အမေရိကန် ပြည်ထောင်စုရော ဆိုဗီယက်ပြည်ထောင်စုပါ တပ်ဖွဲ့များ ရုပ်သိမ်းသွားကြပြီး ကျွန်းဆွယ်ကို ရုပ်သေးခေါင်းဆောင်သစ်တို့၏ လက်ထဲတွင် ထားပစ်ခဲ့ကြ၊ အခြေအနေ မကောင်းပါ၊ စတာလင်ဝါဒီတစ်ဦးနှင့် အစွန်းရောက် အမျိုးသားရေးဝါဒီတစ်ဦးဖြစ်သော ကင်အီဆွန်းသည် (၁၉၅၀)နွေရာသီတွင် ရုရှတင့်ကားများနှင့် ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များနှင့်အတူ တောင်ပိုင်းကို ကျူးကျော်ခြင်းဖြင့် တိုင်းပြည်ပြန်လည် ပေါင်းစည်းရေး ဆောင်ရွက်လိုက်၏၊

မြောက်ကိုရီးယားတွင် ယန်းကီးနယ်ချဲ့များ စစ်မီးမွှေးပြီး ကျွန်မတို့၏ စစ်သားများက ကျူးကျော်သူတို့ကို သူရသတ္တိထူးချွန်ပြောင်မြောက်စွာ တိုက်ခိုက်ကြသည်ဟု ကျွန်မတို့ သင်ကြားပေးခြင်းခံကြရ၊

အဖြစ်မှန်မှာ အမေရိကန်ပြည်ထောင်စု စစ်တပ် ပြန်လာခြင်းသည် တောင်ပိုင်းကို တာကွယ်ပေးဖို့ပါ၊ တောင်ပိုင်းက ကုလသမဂ္ဂတပ်ဖွဲ့တစ်ခု အကူအညီဖြင့် ကင်အီဆွန်း၏စစ်တပ်ကို အလျင်အမြန် တိုက်ထုတ်ပစ်ရာ ယာလူးမြစ်အထိရောက်သွား၏၊တိုင်းပြည်တစ်ခုလုံး သိမ်းမိတော့မလောက်ပါ၊ သူတို့ကို ရပ်တန့်စေလိုက်နိုင်သည်မှာတရုတ်စစ်သားများနယ်စပ်ဖြတ်ကျော်ပြီးရောက်လာတော့မှဖြစ်၏၊ တရုတ်စစ်သားများက အမေရိကန်များကို (၃၈-မျဉ်းပြိုင်) အထိ ပြန်တိုက်ထုတ်လိုက်သည်၊

ဤအဓိပ္ပာယ်မဲ့ စစ်ပွဲနိဂုံးတွင် (အနည်းဆုံး) ကိုရီးယား (၃)သန်း သေကျေ သို့မဟုတ် ဒဏ်ရာရပြီး သန်းပေါင်းများစွာတို့ ဒုက္ခသည်များ ဖြစ်သွားကြသည်၊ တိုင်းပြည်သည် စိစိညက်ညက်ကျေသွားတော့၏၊

(၁၉၅၃)၊ တိုက်ခိုက်မှုများ ရပ်တန့်ရန် နှစ်ဦးနှစ်ဖက်သဘောတူကြသော်လည်းငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုထားခြင်းမရှိ၊ ယနေ့တိုင်အောင် ကျွန်မတို့ တရားဝင်စစ်ဖြစ်နေကြသည်၊ မြောက်နှင့် တောင် အစိုးရ နှစ်ရပ်စလုံးက သူတို့သည် ကိုရီးယား လူမျိုးအားလုံး၏ တရားဝင်ကိုယ်စားပြုသူများဖြစ်သည်ဟု ယုံကြည်နေကြ၏၊

ကိုရီးယား စစ်ပွဲကာလအတွင်းမှာ အဘိုးပတ်က ဘဏ္ဍာရေးအရာရှိအဖြစ် ဆက်လက်လုပ်ကိုင်ပါသည်၊ အလုပ်မပြုတ်ပါ၊ စစ်ဆိုင်းကာလ နောက်ပိုင်းတွင် စစ်တပ်ထဲမှာပင် ဆက်လက်ရှိမြဲရှိနေပြီး မိသားစုနှင့်အတူ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေရသည်၊ သူ အခြေစိုက်ရာအရပ်မှာ ဟီဆန်တောင်ဘက် မိုင် ၁၈၀ အကွာရှိ ဟမ့်ဟန်း၊ ထိုမြို့တွင် ကျွန်မ၏ အဖေကို မွေးဖွားပါသည်၊ သားသမီးငါးယောက်တွင် စတုတ္ထမြောက်၊ သားများထဲတွင် အငယ်ဆုံး၊

အဘိုး အနားယူသောအခါ အစိုးရက သူနှင့်မိသားစုကို ဟီဆန်တွင် ပြန်လည် နေရာချထားသည်၊ အရာရှိ တစ်ယောက်နှင့် အာဏာရ ကိုရီးယား အလုပ်သ

www.free4reader.com

# ီးခရီး (သို့မဟုတ်) ရှင်သန်ခွင့် (အပိုင်း-၂)

စိန်ဝင်းစိန်



ားတပ်ဖွဲ့များက အလေးပြု နေကြပုံ





ထွက်ပြေးလွတ်မြောက်လာသော ယွန်မီပတ် (စာရေးသူ)

မားပါတီဝင် တစ်ယောက်ဖြစ်သည့် အဘိုးသည် ကောင်းသောဆောင်ဘန်အဆင့်အတန်းရှိခဲ့ပါ၊ ထို့ပြင် သူ့အား စစ်တပ်မိသားစုများသို့ ရိက္ခာဖြန့်ဝေပေးရသည့်ဌာနတွင် ဘဏ္ဍာရေးအရာရှိအဖြစ်အလုပ်တစ်ခုချီးမြှင့်ထားသေး၏။

ဖွံ့ဖြိုးလာသောမြောက်ကိုရီးယားစီးပွားရေးနှင့်အတူ ယုတ်စွအဆုံး ခဏပန်းအတွက်တော့ မိသားစုချမ်းသာကြွယ်ဝပါသည်၊

(၁၉၅၀) ပြည့်လွန်နှစ်များနှင့် (၁၉၆၀) ပြည့်လွန်နှစ်များအတွင်းတရုတ်နှင့်ဆိုဗီယက်ပြည်ထောင်စုတို့ကမြောက်ကိုရီးယား ပြန်လည်ထူထောင်ရန်ငွေများထောက်ပံ့၏။

မြောက်ပိုင်းတွင် တောင်များအတွင်း၌ ကျောက်မီးသွေးနှင့် ဓာတ်သတ္တုများရှိပြီး တိုင်းပြည်၏ ပိုမိုချမ်းသာသော၊ စက်မှုလုပ်ငန်းပိုမိုဖြစ်ထွန်းသော အပိုင်းပါ၊ ယခုတိုင် စိုက်ပျိုးရေးကို အားထားနေရဆဲဖြစ်ပြီး စစ်ဘေးစစ်ဒဏ်မှ နှေးကွေးစွာနာလန်ထလာနေသည့်တောင်ပိုင်းထက် မြောက်ပိုင်းက ပိုမိုမြန်ဆန်စွာ ဦးဆောင်လာ၏။

သို့သော် ထိုအခြေအနေသည် (၁၉၇၀) ပြည့်လွန်နှစ်များနှင့် (၁၉၈၀)ပြည့်လွန်နှစ်များအတွင်း စတင်ပြောင်းလဲလေတော့သည်။

တောင်ကိုရီးယား ကုန်ထုတ်လုပ်မှု တိုးတက်လာပြီး မြောက်ကိုရီးယား၏ ဆိုဗီယက် ပုံစံစနစ်က ကိုယ့်ဝန်အောက်ကိုယ်ပိပြီး ပြိုလဲစပြုလာသောကြောင့်ပါ၊

မြောက်ကိုရီးယားစီးပွားရေး စီမံကိန်းကို ဗဟိုမှ ချမှတ်ကာ နိုင်ငံတော်က လုံးဝဥသုံထိန်းချုပ်ထား၏၊ တရားဝင် ပုဂ္ဂလိကပိုင်ပစ္စည်းမရှိ၊ ကုမ္ပဏီအားလုံးကို ပြည်သူပိုင် ပြုလုပ်ထားသည်၊

သို့သော် လူများအနေဖြင့် အလွန်အတွဲ ထိန်းချုပ်ထားသော ဈေးများတွင် ရောင်းချရန် ဟင်းသီးဟင်းရွက် တချို့ စိုက်ပျိုးနိုင်ကြ၏၊ အစိုးရကအလုပ်အားလုံးကို စီစဉ်ပေးသည်၊ လူတိုင်း၏ လစာကို ပေးသည်၊ ရိက္ခာ ခွဲဝေပေးသည်၊

ကျွန်မ၏ မိဘများ ကြီးပြင်းလာချိန်တွင် ထောက်ပံ့ရေးပစ္စည်းများကို ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်က ပံ့ပိုးပေးသဖြင့် လူအနည်းငယ်သာ ငတ်မွတ်ကြသော်လည်း အထက်တန်းလွှာ အသိုင်းအဝိုင်းပြင်ပမှ မည်သူမျှ ဟုတ်ဟုတ်ညားညား မချမ်းသာကြချေ၊ တစ်ချိန်တည်းမှာပင် ထောက်ပံ့ရေးပစ္စည်းများကို လူတို့လိုချင်သလောက် ပြည့်ပြည့်မီမီရခြင်းမရှိ၊

အဝတ်အထည်၊ အီလက်ထရွန်းနစ် ပစ္စည်းနှင့် အထူးအစားအစာများကို အစိုးရကုန်တိုက်များမှ တစ်ဆင့် အခွင့်ထူးခံ လူတန်းစားတို့ ရရှိနေသော်လည်း ဈေးနှုန်းများ ခေါင်ခိုက်နေသဖြင့် အများစုက မဝယ်နိုင်ကြ၊ နိုင်ငံခြား စီးကရက်၊ အရက်၊ ဂျပန်ပြည်လုပ် လက်ဆွဲအိတ်များ လိုချင်သည့် မည်သည့်သာမန် လူတန်းစားမဆို မှောင်ခိုဈေးသို့ ပြေးကြရ၊

(၁၉၈၀) ဝန်းကျင်တွင် အဖေ စစ်ထဲဝင်သည်၊ သူ့ အသက်ဆယ်ကျော်သက်အရွယ် နောက်ပိုင်းမှာပါ၊ အလယ်အလတ်နှင့် အထက်တန်းလွှာတို့မှ မြောက်ကိုရီးယား ယောကျ်ားအများစုလိုပင် အဖေသည် ဆယ်နှစ် စစ်မှုထမ်းရမည်၊ သို့သော် အူအတက်ပေါက်သောကြောင့် စစ်တပ်ထဲမှာ တစ်နှစ်ပင် မကြာခဲ့၊ လေးငါးကြိမ်လောက် ခွဲစိတ်မှုခံယူအပြီးတွင် သူ့ စစ်မှုထမ်းသက်ပြီးဆုံးသွား၏၊

ဤအခြေအနေသည် အဖေ့အတွက်တပ်ဆိုက်ခြင်းဖြစ်နိုင်ပါသည်၊ အကြောင်းမှာ စစ်မှုမထမ်းဖူးသည့် မြောက်ကိုရီးယား ယောကျ်ားများသည် အကောင်းဆုံး အလုပ်များကို မရနိုင်သောကြောင့်၊ လုပ်စရာ ကိုင်စရာ မရှိဘဲဟိဆန်သို့ သူပြန်လာချိန်တွင်သူ့အဖေကဘဏ္ဍာရေး လေ့လာဖို့ အကြံပေးသဖြင့် ဟိဆန်စီးပွားရေးကောလိပ်ရှိ သုံးနှစ် သင်တန်းသို့တက်လိုက်သည်၊ ကျန်မိသားစုဝင်များအခြေအနေကောင်း၏၊

အဖေ့အစ်ကိုကြီး ပတ်ဂျင်က ဟိဆန်ဆေးကျောင်းမှာ တက်နေသည်၊ အစ်ကိုအကြီးဆုံး ပတ်ဒေါင်အီက ဟမ္မဟန်းတွင် အလယ်တန်းကျောင်းဆရာ၊ အစ်မကြီးက အိမ်ထောင်သည်၊ သူမ စားပွဲထိုးလုပ်ရာ ပြုယန်းသို့ ပြောင်းရွှေ့သွားသည်၊ ညီမလေးက ဟိဆန်တွင်ကျောင်းတက်နေဆဲ၊

သို့သော် (၁၉၈၀) တွင် အကုသိုလ် အတုံးလိုက် အခဲလိုက်ဝင်တော့၏၊ ဒေါင်အီသည် သူ့ကျောင်းသူ တစ်ယောက်ကို ဗလက္ကာရလုပ်သည်၊ သူ့ဇနီးကို သတ်ဖို့ ကြိုးစားသည်ဟု အစွပ်စွဲခံရ၏၊ ဘာတွေ ဘယ်လိုဖြစ်ခဲ့သည်ကို ကျွန်မအသေးစိတ်မသိပါ၊ စွဲချက် မှန်သည်၊ မှားသည်ကိုလည်း မသိပါ၊ သို့သော် သူ အလုပ်ကြမ်းနှင့်ထောင်ဒဏ် အနှစ်နှစ်ဆယ်ကျသွားလေသည်၊

အဘိုးပတ်၏အဆက်အသွယ်ကြောင့်သာကွပ်မျက်ခံရမည့်ဘေးမှလွတ်ခဲ့ခြင်းဖြစ်သည်၊ နိုင်ငံရေးအကျဉ်းသားမဟုတ်သူများသည် ထောင်ထဲတွင် မသေမီ လွတ်မြောက်လာလေ့ရှိကြ၏၊ အစိုးရအနေဖြင့် သဂြိုဟ်ရမည့်ကိစ္စဝိစ္စများအတွက်အလုပ်ပိုမလုပ်ရအောင်ဖြစ်သည်၊

သို့ဖြင့် ထောင်သက် (၁၂) နှစ်ရပြီးနောက် ဒေါင်အီသည် နာမကျန်းခွင့်ဖြင့် ဟိဆန်သို့ ပြန်ရောက်လာလေသည်၊ မိသားစုထဲက မည်သူမျှ သူ့ အတိတ်ဟောင်းအကြောင်း စကားမဟကြ၊

ကျွန်မအပေါ် အမြဲတမ်းကြင်ကြင်နာနာ ဆက်ဆံသည့်၊ အားအင်ချည့်နဲ့ပြီး နွတ်နည်းသည့် သူ့ကို ကျွန်မ သတိရနေပါသည်၊ ကျွန်မ ကလေးဘဝအရွယ်မှာပင် သူ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားခဲ့၊

မြောက်ကိုရီးယားတွင် မိသားစုထဲမှ တစ်ယောက်က ရာဇဝတ်မှုကျူးလွန်သည်ရှိသော် မိသားစုဝင်အားလုံးကို ရာဇဝတ်သားလို သဘောထားကြ၊ ရှုတ်တရက် အဖေ့မိသားစု၏ လူမှုရေးနှင့် နိုင်ငံရေးအဆင့်အတန်း ဆုံးရှုံးသွား၊

ပင်မ ဆောင်ဘန်မျိုးရိုးများအတွင်း အုပ်စုခွဲများ ငါးဆယ်ကျော်ရှိသည်၊ ရှင်လူကြီးဖြစ်လာသည်နှင့် တစ်ပြိုင်နက် ရှင့်အဆင့်အတန်းကို အာဏာပိုင်များက မျက်လုံး ဒေါက်ထောက်ကြည့်နေကြပြီ၊ အရပ်ထဲမှ သတင်းပေးများနှင့် ပုလိပ်ဆားပုလင်းများက တစ်ကွက်ကလေးမျှ လစ်ဟင်းမှု မရှိစေရ၊

ရှင်နှင့် ပတ်သက်သမျှကိုမှတ်တမ်းတင်ပြီးဒေသန္တရ အုပ်ချုပ်ရေးရုံးများနှင့် အမျိုးသားအဖွဲ့ အစည်းကြီးများတွင် သိမ်းဆည်းထားသည်၊ ဤမှတ်တမ်းများကိုကြည့်၍ ရှင် ဘယ်မှာနေထိုင်နိုင်သည်၊ ဘယ်ကျောင်းမှာတက်နိုင်သည်၊ ဘယ်မှာအလုပ်လုပ်နိုင်သည်တို့ကိုဆုံးဖြတ်၏၊

ဆောင်ဘန် အဆင့်အတန်းမြင့်လျှင် နိုင်ငံရေးအာဏာရနိုင်သည့် အလုပ်သမားပါတီသို့ ဝင်ရောက်နိုင်သည်၊ တက္ကသိုလ်ကောင်းကောင်းတစ်ခုသို့ တက်ရောက်နိုင်သည်၊ အလုပ်ကောင်းကောင်းရနိုင်သည်၊ ဆောင်ဘန်း အဆင့်အတန်းညံ့ဖျင်းလျှင် ရှင့်ဘဝသည် စုပေါင်း လယ်ယာထဲမှာ ဇာတ်သိမ်းသွားတော့အံ့၊ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်သည့်အခါ ငတ်သေတော့အံ့၊

သားအကြီးဆုံး အမွေအခင်းဖြစ်ပြီး နောက်ပိုင်းတွင် အဘိုးပတ်၏ အဆက်အသွယ်အားလုံးသည် အဘိုးပတ်၏ အသက်မွေးဝမ်းကျောင်းအလုပ်ကို မကယ်နိုင်ကြတော့၊ အဘိုးအလုပ်ဖြုတ်ခံရသည်၊ သားငယ်များ ပညာဆုံးခန်းတိုင်အောင် သင်ယူနိုင်သည်မှာ ကံကောင်းလို့ပဲ၊ ဦးလေးပတ်ဂျင် ဆေးကျောင်းဆင်းပြီးနောက် ဟိဆန်ဆေးတက္ကသိုလ်တွင် ပါမောက္ခဖြစ်လာခဲ့၊ အဖေက စီးပွားရေးစီမံကိန်းဖြင့် ဘွဲ့ရပြီး (အဘိုးလိုပင်) မြို့တော်ခန်းမ ဘဏ္ဍာရေးရုံးတွင် အလုပ်ရသည်၊ သို့သော် တစ်နှစ်အကြာ အုပ်ချုပ်ရေးရုံးများ ပြန်လည်ဖွဲ့စည်းသည်တွင် အဖေအလုပ်လက်မဲ့ဖြစ်သွား၊ အဆင့်အတန်း ညံ့ဖျင်းသော သူ၏ဆောင်ဘန်ကအဖေ့အားအလုပ်ပြုတ်စေခဲ့ခြင်းပါ၊

အလုပ်သမားပါတီသို့ ဝင်နိုင်မည့်နည်းလမ်းမတွေ့လျှင် သူ့အနာဂတ်ရှိတော့မည်မဟုတ်သည်ကို အဖေ သဘောပေါက်သည်၊ သံရည်ကျိုစက်တစ်ခုတွင် အလုပ်သမားအဖြစ် အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်၏၊ စက်ရုံတွင် ကြိုးစားပမ်းစား အလုပ်လုပ်ပြခြင်းဖြင့် အစိုးရအပေါ် သစ္စာစောင့်သိမှုကို သက်သေထူရတော့အံ့၊ ပါတီကိုယ်စားလှယ်အပါအဝင် အလုပ်ခွင်အတွင်း အာဏာရှိသူများနှင့် ကောင်းသောဆက်ဆံရေးကို အဖေထူထောင်နိုင်ပါသည်၊ များမကြာမီ အဖေအလုပ်သမားပါတီဝင်ဖြစ်လာခဲ့၊

ထိုအချိန်တွင် အဖေသည် ဘေးပန်းအလုပ်တစ်ခုဖြင့် အပိုဝင်ငွေရအောင်ရှာနေပါပြီ၊

ဤသည်မှာ ရဲဝံ့စွန့်စားရသည့် လုပ်ရပ်ပါ၊ နိုင်ငံတော် ထိန်းချုပ်မှုပြင်ပရှိ အလုပ်ဟူသမျှတရားမဝင်သောကြောင့်ဖြစ်ပါသည်၊

ဟိဆန်သည် တရုတ်ပြည်နှင့် နယ်စပ်ဖြတ်ကျော်ကုန်ကူးနေခဲ့သည်မှာကြာပြီ၊ ငါးခြောက်အစ အီလက်ထရွန်းနစ်ပစ္စည်းအဆုံးရောင်းသည့် စည်ကားလှသော မှောင်ခိုဈေးလေးတစ်ခုရှိသည်၊

(၁၉၈၀) ပြည့်လွန်နှစ်များအတွင်း ပုံကျဈေးများတွင် စားသောက်ကုန်နှင့်လက်မှုပညာပစ္စည်းများရောင်းချရန် အမျိုးသမီးများအားခွင့်ပြုထားခဲ့သော်လည်းအထွေထွေ ကုန်သွယ်မှုကား ဥပဒေနှင့် ဆန့်ကျင်သည့်ကိစ္စပါ၊

အဖေက လုပ်ငန်းသေးသေးဖြင့် စတင်၏၊ ဟိဆန်မှောင်ခိုဈေးထဲမှာ စီးကရက် တစ်ကာတွန်းလျှင် ဝမ်ငွေ ၇၀ မှ ၁၀၀ အထိ ပေးဝယ်ပြီး တစ်လိပ်လျှင် ၇ ဝမ် မှ ၁၀ ဝမ်အထိ ဈေးနှုန်းဖြင့် ပြန်ရောင်းခြင်းဖြစ်၏၊ ထိုအချိန်တွင် ဆန်တစ်ကီလိုဂရမ် (၂ ဒသမ ၂ ပေါင်) သည် ၂၅ ဝမ် ဝန်းကျင်လောက် တန်ဖိုးရှိသဖြင့် စီးကရက်များ အဖိုးတန်ပုံကို သိသာနိုင်၏၊

မြောက်ကိုရီးယားတွင် ခရီးသွားလာခြင်းကို အစိုးရက ကန့်သတ်ချက်များ ပြဋ္ဌာန်းထားသည်၊ မြို့ပြင်ပသို့ ခရီးသွားလိုသည့်အခါ စာရွက်စာတမ်းများလုပ်ရ၊ ရှေးဦးစွာ အဖေသည် သူ အလုပ်လုပ်သည့်စက်ရုံမှခွင့်ရဖို့လို၏၊ ဆရာဝန်ကို ပိုက်ဆံပေးပြီး ဆေးခွင့်ရေးခိုင်းရသည်၊

ထို့နောက် ဆေးကုသရန်အတွက် ခရီးထွက်လိုကြောင်း ကြီးကြပ်ရေးမှူးများအား ပြောပြ၊ ကြီးကြပ်ရေးမှူးများက ခွင့်ပြုချက် စာရွက်စာတမ်းများ ထုတ်ပေး၊ ထို့နောက် ပုလိပ်ဌာနသို့သွား၊ လာဘ်ထိုးပြီး ခရီးသွားလာခွင့် လက်မှတ်တောင်း၊

မှောင်ခိုဈေး ကြီးကြီးမားမားမရှိသည့် မြို့ငယ်လေးများသို့ အဖေရထားစီး၍ သွားပါသည်၊ ခရီးဆောင်အိတ်တွေထဲမှာ၊ သူ့ခန္ဓာကိုယ်ပေါ်မှာ၊ အကျီနှင့် ဘောင်းဘီအိတ်တွေထဲမှာ စီးကရက်တွေအပြည့်နှင့်၊

ရှာဖွေရေး ပုလိပ်များကို ရှောင်ကွင်းသွားရ၊ တစ်ခါတစ်ရံ ပုလိပ်နှင့် ရင်ဆိုင်တိုးသည့်အခါ စီးကရက်များ အသိမ်းခံရ သို့မဟုတ် ပိုက်ဆံမပေးလျှင် ဖမ်းမည်ဟု ခြိမ်းခြောက်ခံရ၊

လုံခြုံစိတ်ချရသည့် အစိုးရအလုပ်ကို အဖေ လုပ်ချင်ရှာပါလိမ့်မည်၊ သို့သော် အဖေ့မှာ ကံမပါဘူးရှင့်၊ နေရာတိုင်းလိုလိုမှာ အရောင်းအဝယ်သည် အဖေ၏ ပရိယေသန အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်ခဲ့၊ မြောက်ကိုရီးယားမှာ ရှင်သန်ခွင့်ရဖို့ ဒီအလုပ်ပဲရှိသည်၊ ဒီအလုပ်က အဖေ့ကို ဝရမ်းပြေး ဖြစ်စေခဲ့၏၊

*ဆက်လက်ဖော်ပြပါမည်၊*

*မူရင်း- ယွန်မီပတ် ၊ မြန်မာပြန်-စိန်ဝင်းစိန်*

# ဒီမိုကရေစီ တောက်ခံသူတိုင်း
# သူ့ရိယနေ့ဝန်းကျင်နယ် ဖတ်ကြသည်











































